# မူဆလင် လင်မယားကွာရှင်းရေးအက်ဥပဒေ။

**[၁၉၅၃ခုနှစ်၊ အက်ဥပဒေအမှတ် ၁၄။]**

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို **၁၉၅၃ခုနှစ်၊ မူဆလင် လင်မယားကွာရှင်းရေး အက်ဥပဒေ**ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမတက၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

(၃) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ လင်မယား ကွာရှင်းရေးနှင့် စပ်လျဉ်း၍ ဤအက်ဥပဒေ တွင် ပြဋ္ဌာန်းသည့်အချက်များတွင် မှတပါး၊ အစ္စလမ်တရားဥပဒေ၏ မူလသဘောကို မထိခိုက်စေရ၊ ထို့ပြင် ၎င်းပြဋ္ဌာန်းချက်များသည် လက်ထပ်ရေးနှင့်စပ်လျဉ်း၍ တရားနည်းလမ်းအရ နှစ်ဦးသဘောတူ ပြုလုပ်သည့် ပဋိညာဉ်ကိုလည်း မထိခိုက်စေရ။

၂။ ။ (၁) အစ္စလမ် တရားဥပဒေအရ၊ လက်ထပ်သောမိန်းမမှာ၊ အောက်ပါအကြောင်းတခုခုကြောင့် ဖြစ်စေ၊ တခုထက်ပိုသော အကြောင်းများကြောင့်ဖြစ်စေ၊ လင်မယားကွာရှင်းရန် ဒီကရီရထိုက်ခွင့်ရှိစေ ရမည်။

(က) လင်ဖြစ်သူ မည်သည့်နေရာ၌ ရောက်ရှိနေထိုင်သည်ကို မသိခဲ့ရခြင်း။

(ခ) မိမိအား လင်ဖြစ်သူကလုံလောက်သော အကြောင်းမရှိဘဲ စားစရိတ်ထောက်ပံ့ရန် ၆ လ တဆက်တည်း ပျက်ကွက်ခဲ့ခြင်း၊ သို့တည်းမဟုတ် ငြင်းဆန်ခဲ့ခြင်း။

(ဂ) လင်ဖြစ်သူသည် လုံလောက်သောအကြောင်းမရှိဘဲ တနှစ်ပတ်လုံး သံဝါသပြုရန် ပျက်ကွက်ခဲ့ခြင်း။

(ဃ) လင်ဖြစ်သူသည် လက်ထပ်စဉ်က ပန်းသေရောဂါ စွဲကပ်နေသည့်ပြင်၊ နောက်လည်းဆက်လက်၍ ပန်းသေရောဂါစွဲကပ်နေခြင်း။

(င) လင်ဖြစ်သူသည် တနှစ်အောက်မနည်း ပြင်းထန်စွာ စိတ်ပေါ့သွပ်သော ရောဂါစွဲကပ်နေခြင်း၊ သို့တည်းမဟုတ် လင်ဖြစ်သူသည် ပြင်းထန်သော ကုဋ္ဌနူနာဖြစ်စေ၊ ပြင်းထန်သော ကာလသားရောဂါဖြစ်စေ စွဲကပ်နေခြင်း။

(စ) မိမိအားအရွယ်မရောက်မီ၊ မိမိ၏ဘခင်နှင့် ဘခင်၏ဘခင်မှတပါး အခြားအုပ်ထိန်းသူက လက်ထပ်ပေးခဲ့ရာ မိမိ၏လင်ယောကျ်ားနှင့် သံဝါသပြုခြင်းမရှိခဲ့လျှင်၊ အသက်ဆယ့်ငါးနှစ်မပြည့်မီ လက်ထက်ခြင်းကို ဖျက်သိမ်းခြင်း။

(ဆ) လင်ဖြစ်သူက မိမိအားညှဉ်းပန်း နှိပ်စက်ခြင်း။

ညှဉ်းပန်းနှိပ်စက်ခြင်းဆိုသည်မှာ-

(ကက) လက်ရောက်ကျူးလွန်လေ့ရှိခြင်း၊ သို့တည်းမဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ ရက်စက်သည့် အပြုအမူအားဖြင့် မိမိအားစိတ်ဆင်းရဲအောင်ပြုခြင်း၊ သို့တည်းမဟုတ်

(ခခ) မိမိအား ပြည့်တန်းဆာမ အဖြစ်သို့ရောက်အောင် အတင်းအကြပ်ပြုရန်အားထုတ်ခြင်း တို့ကို ဆိုလိုသည်။

(ဇ) မိန်းမက လင်မယားကွာရှင်းပိုင်ခွင့်ရရန် အကြောင်းတရပ်အဖြစ်ဖြင့်၊ အစ္စလမ် တရားဥပဒေအရ၊ အသိအမှတ်ပြုထားသော အခြားအကြောင်းတရပ်ရပ်။

(၂) ပုဒ်မခွဲ (၁)၊ အပိုဒ် (က) ရှိ အကြောင်းကို အခြေပြု၍ သက်ဆိုင်ရာ တရားရုံးသည် လင်ဖြစ်သူ ပျောက်ဆုံးနေကြောင်း ထင်ရှားသည်ဟုသဘောရရှိလျှင်၊ ကွာရှင်းခွင့်ရှေးဦးဒီကရီ ချမှတ်ရမည်။ ထိုသို့ရှေးဦး ဒီကရီချမှတ်သည့်နေ့မှ လေးနှစ်မပြည့်မီ ကွာရှင်းခွင့် အပြီးသတ်ဒီကရီကို ချမှတ်ခြင်းမပြုရ။

**ခြွင်းချက်**။ ။ သို့ရာတွင် လင်ဖြစ်သူသည် ထိုကာလအပိုင်းအခြားအတွင်း ကိုယ်တိုင်လာရောက်၍ သော်၎င်း၊ အာဏာလွှဲအပ်ထားသည့် ကိုယ်စားလှယ်မှ တဆင့်သော်၎င်း၊ မိမိသည် မိမိ၏ အိမ်ထောင်မှု ဝတ်တရားများကို ဆောင်ရွက်ရန် အသင့်ရှိကြောင်းဖြင့် ဒီကရီချမှတ်သော တရားရုံးကျေနပ်အောင် အကြောင်းပြလျှောက်ထားလျှင် ထိုတရားရုံးက အဆိုပါကွာရှင်းခွင့် ရှေးဦးဒီကရီကို ပယ်ဖျက်ရမည်။

(၃) ပုဒ်မခွဲ (၁)၊ အပိုဒ် (ဃ) ရှိ အကြောင်းကို အခြေပြု၍ သက်ဆိုင်ရာတရားရုံးသည်၊ ပန်းသေရောဂါ စွဲကပ်ကြောင်းထင်ရှားသည်ဟု သဘောရရှိလျှင် ရှေးဦးဒီကရီချမှတ်ရမည်။ ထိုသို့ရှေးဦးဒီကရီချမှတ်သည့်နေ့မှ တနှစ်အတွင်း လင်ဖြစ်သူသည် ပန်းသေရောဂါပျောက်ကင်းပြီဟု တရားရုံးကျေနပ်အောင် အကြောင်းလုံလောက်စွာ ပြနိုင်လျှင် အဆိုပါ ရှေးဦးဒီကရီကို ပယ်ဖျက်ရမည်။ ထိုသို့ တရားရုံး ကျေနပ်အောင် အကြောင်းလုံလောက်စွာမပြနိုင်လျှင် ကွာရှင်းခွင့်ရှေးဦးဒီကရီ ချမှတ်သည့်နေ့မှ တနှစ်ပြည့်သောအခါ အပြီးသတ်ဒီကရီချမှတ်ရမည်။

၃။ ။ ပုဒ်မ ၂၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က)အရ စွဲဆိုသည့်အမှုတွင်-

(က) အမှုကို အများသိရှိစေရန် တရားရုံးကအများမြင်နိုင်သော နေရာတွင် တလတိုင်တိုင် ကြော်ငြာစာ ကပ်ထားရမည်။

(ခ) အကြင်သူတို့သည် လင်ဖြစ်သူသေဆုံးခဲ့ပါမူ အမွေစား အမွေခံဖြစ်အံ့၊ ထိုသူတို့၏အမည်နှင့် နေရပ်များကို လျှောက်လွှာတွင်ဖေါ်ပြရမည်။

(ဂ) တရားရုံးက အမှုအကြောင်းနို့တစ်စာကို အပိုဒ် (ခ) အရ၊ လျှောက်လွှာတွင် ဖေါ်ပြသူတို့ထံမှ ပေးပို့ရမည်။ ထိုသူတို့သည် အမှုတွင် ပါဝင်ဆောင်ရွက်လျှောက်ထားနိုင်ခွင့်ရရှိရမည်။

၄။ ။ အိမ်ထောင်ပြုပြီးသော မူဆလင်မိန်းမတဦးက အစ္စလမ်ဘာသာကို စွန့်လွှတ်လျှင်ဖြစ်စေ၊ အခြားဘာသာသို့ ကူးပြောင်းလျှင်ဖြစ်စေ၊ လင်မယားကွာရှင်းပြီး ဖြစ်စေရမည်။

၅။ ။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေအရ၊ လင်မယားကွာရှင်းသည့်အခါ၊ အစ္စလမ်တရားဥပဒေအရ၊ ခန်းဝင်ပစ္စည်း (dower) နှင့်၊ သို့တည်းမဟုတ် ခန်းဝင်ပစ္စည်း (dower) ၏တစိတ်တဒေသနှင့် စပ်လျဉ်း၍ အိမ်ထောင်ပြုပြီးသော မိန်းမတဦးရထိုက်သည့် အခွင့်အရေးကို မထိခိုက်စေရ၊